# မချစ်မနှစ်သက်သူတို့နှင့် ကွေကွင်းပြီးနောက်

ညိုထက် (လမ်းသစ်ဦး)



(နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ)

အတ္တမကို အနတ္တာဖြင့် တော်လှန်ခဲ့သော ဂေါတမဗုဒ္ဓမှသည်

ကမ္ဘာဦးအစ သဘာဝတရားမှ စတင်ပုန်ကန်တော်လှန်ခဲ့ကြကုန်သော မဟာလူသားများ၊ ခေတ်ကြီး ၅ ခေတ်တွင် ဖြစ်ရှိခဲ့သည့် မင်းဆိုးမင်းညစ်မှန်သမျှ တော်လှန်ပုန်ကန်ခဲ့ကြသည့် ရဲဘော်ကြီးများ၊ ဗမာပြည် ခေတ်အဆက်ဆက် တော်လှန်ရေးတိုက်ပွဲကို ကိုယ်ကျိုးစွန့်ဆင်နွှဲခဲ့ကြသည့် ရဲဘော်အပေါင်းတို့အား ရှိခိုးဦးတိုက် အလေးပြုလိုက်ပါသည်။

ညိုထက် (လမ်းသစ်ဦး)

# အမှာ ကြို ဓာတ်တံ

## ကျနော်ပြောချင်တဲ့ ကျနော့်ကဗျာအကြောင်း

အင်မတန် ရင်ခုန်စရာကောင်းတဲ့ အခါသမယပါ။
ကျနော်တို့ ညီလာခံတွေကို ဖြတ်သန်းခဲ့ရဖူးပါပြီ။
ဒါပေမယ့် ဒီအကြိမ် ... သတ္တမမြောက်
ဒီအကြိမ်ဟာ ကျနော့်ရင်ခုန်ကြိမ်နှုန်းကို လှုပ်ရမ်းမှုအရှိဆုံး။

ဟုတ်ပါတယ်။ ဒီညီလာခံကြီး ဟော့ဒီ မိုးအောက်မြေပြင်မှာ
သီးပွင့်လာဖို့အတွက်
မြေမြှုပ်ဗုံးတွေ၊ လေယာဉ်ဗုံးတွေ၊
စနိုက်ပါသမားရဲ့ ပစ်ချက်တွေ၊
ကျူငုတ်လှန် စစ်ဆင်ရေးတွေကို ကျနော်တို့ရဲ့ ရင်နဲ့ခံပြီး
စိုက်ပျိုးခဲ့ရတာပါ။

မိုးကြိုးပစ်ရင် ထန်းလက်နဲ့ကာဖို့ မကြိုးစားပါ။
ရင်မြေကတုတ်ပါပဲ။
ဟိုအရင် ရှစ်လေးလုံးကာလကို သတိရပါတယ်။
"ဘာစိတ်ဓာတ်လည်း ခွပ်ဒေါင်းစိတ်ဓာတ်"

လူဆိုတာ သွေးနွေးသတ္တဝါတဲ့ ဟုတ်ပါလိမ့်မယ်။
ရှစ်လေးလုံးဆိုတာနဲ့ ကျနော်တို့သွေးတွေ ပူနွေးရပါတယ်။
ဒီလိုဖြစ်လို့ ကွန်ဆာဗေးတစ်လို့မှတ်ယူရင် ရင်ကော့ခံပါ့မယ်။
ဘဝမှာ အမှန်လို့ယုံကြည်တဲ့အရာကို ခင်တွယ်ရတာလောက်
အရသာရှိတာ ဘာမှမရှိပါ။
မိုက်မဲမှုလို့များ ကင်မွန်းတပ်ကြရင်တော့ သီချင်းဆိုပြချင်ပါရဲ့။

"မိုက်မိုက်မဲမဲ ရိုးသားနေဆဲ"
အနေရဲရပါလိမ့်မယ်။
အမှန်တရားနဲ့ ရိုးသားမှုရဲ့ရှေ့မှောက်မှာ အောင်ပွဲဟာ
ဒူးထောက်ရပါလိမ့်မယ်။

ကျနော်ဟာ ဒီယုံကြည်ချက်အတိုင်း ဒီကဗျာကိုရေးခဲ့တာပါ။

ကျနော့်ရဲ့ တော်လှန်ရေးကာလ အတော်များများကို
တောင်ပေါ်ကျေးလက် (ဝါ) တောင်ယာကျေးလက် (ဝါ)
စစ်မြေပြင်ကျေးလက်မှာသာ ပေးချေခဲ့တာပါ။
ဒါကို ဝမ်းနည်းပြီးပြောနေတာတော့ မဟုတ်ပါဘူး။
လက်နက်ကိုင်တော်လှန်ရေးသမားဟာ လူထုကြားမှာနေတာ
သဘာဝလွန် ပြဿနာမဟုတ်ပါ။

ကျနော် ၂၀၀၀ ခုနှစ်ဆီက
"ဝိရောဓိ လွင်ပြင်"ကို ပြန်ရောက်ပါတယ်။
ပထမ ထောင်စုနှစ်ရဲ့ နောက်ဆုံးခုနှစ်ရယ်ပါ။
ဒုတိယ ထောင်စုနှစ်ရဲ့ရင်ခွင်ထဲ ကမ္ဘာကြီးတိုးဝင်တဲ့နှစ်ပါ။
တကမ္ဘာလုံးက လာမယ့်ထောင်စုနှစ်ကို မီးရှူးမီးပန်းတွေနဲ့
ကြိုဆိုကြတာကို စစ်မြေပြင်မီဒီယာကနေ သိခဲ့ရပါတယ်။
ထောင်စုနှစ်အပြောင်းအလဲ၊ ကမ္ဘာသားတို့ကြိုဆိုပွဲ။
ကျနော် ရင်ခုန်သည်ဟု မဆိုသာ။

ကျနော် ရင်ဆိုင်လိုက်ရသည့် ဝိရောဓိလွင်ပြင်မှ
အပြောင်းအလဲ၊ မီးရှူးမီးပန်းများကိုတော့ ရင်တုန်ပန်းတုန်။
အနှစ်လေးဆယ်လောက် ပြောခဲ့တဲ့စကားတွေဟာ
စကားပြေတွေဖြစ်တယ်လို့ သိလိုက်ရသလိုမျိုး ...
အံ့လည်း အံ့သြရ၊

ကျေနပ်မှုလည်းဖြစ်ရ၊
အသိဉာဏ် လင်းပြက်မှုလည်းဖြစ်ရ၊
ဒေါမနဿလည်းဖြစ်ရ၊
အင်း ... အဝိဇ္ဇာ၊ တဏှာကို အရင်းခံ၍ ... ...
ဗုဒ္ဓရဲ့ ပဋိစ္စသမုပ္ပာဒ်ဒေသနာကို နှလုံးသွင်းမိပါတယ်။
ဩဘ် ဘဝ ...... ဘဝ။

အဲဒီလို ဘဝကို အနုလုံပဋိလုံ သုံးသတ်ချက်တွေနဲ့
အတွေးတွေ ခြေရှုပ်နေတဲ့ကာလမှာ ဒီကဗျာကို စိုက်ပျိုးခဲ့တယ်။

အဲဒီအချိန်မှာ ပေါ်လာတဲ့ အရောင်၊ အရုပ်၊ အသံတွေက
များပြားလှပါတယ်။
ရဲဘော်တိုက်မောင်း၊ ရဲဘော်ညိုထွန်းအောင်၊ ရဲဘော်ဆေး ...
ရိုးမတောင်တန်း၊ တောင်ယာတဲ၊ ရွာပုန်း ...
မိုင်းကွင်း၊ မောင်းပြန်၊ ဒေါင်းအလံ ...

ကျနော် ရေလွှာလျှောစီးပညာ မတတ်မြောက်ခဲ့ပါ။
တတိယလှိုင်းရဲ့ ရိုက်ပုတ်မှုဒဏ်ကိုလည်း ခံခဲ့ရပါသေးတယ်။
ယဉ်ကျေးမှုခေတ်လိုက်လို့ ထွန့်ထွန့်လူးခဲ့ရတယ်။
ဒီမှာ ဂန္ဓဗ္ဗနည်းနဲ့လက်ထက်တဲ့ ယဉ်ကျေးမှုထွန်းကားတယ်။
မိုဘိုင်း၊ လက်တော့၊ ခရစ်ဒစ်ကဒ်
ကျနော့်အတွက် ဘာသာစကားအသစ်တွေပါ။

ဒီကဗျာရဲ့အတွင်းသားမှာ ဒီအတွေ့အကြုံရဲ့ ရောင်ပြန်တွေ
ရောထွေးနေပါတယ်။
ကျနော့်ရဲ့စိတ်အစဉ်ဟာ လှိုင်းလုံးတွေလို အနိမ့် အမြင့်၊
အတက် အကျတွေနဲ့ ဒီကဗျာထဲမှာလှုပ်ခတ်နေပါတယ်။
၂၀၀၀ ခုနှစ် မတ်လကနေ ၂၀၀၁ ခုနှစ် မေလအထိ

ကျနော် ဒီကဗျာတပုဒ်ထဲကိုသာ စိုက်ပျိုးနေခဲ့တာပါ။

အဲဒီကာလဆီက ကျနော်ခံစားခဲ့ရတဲ့ စိတ်လှိုင်းတံပိုးတွေဟာ
တခုနဲ့တခု ဆန့်ကျင်ကွဲလွဲနေတာတွေကို တွေ့ရပါတယ်။
ကျနော် ပြန်မပြင်တော့ပါဘူး။
ကျနော် ဘာတွေခံစားခဲ့ရတယ်ဆိုတာကို အရင်းအတိုင်း
ချပြချင်ပါတယ်။
ဝိတ်ပျက်ခြင်း၊ ဝိတ်တက်ခြင်းတွေ ရောထွေးနေတဲ့ကဗျာပါ။

ဒါပေမယ့် ကျနော့်ရဲ့ဒေါင်းအလံကိုချစ်ဝိတ်ကတော့
ဘယ်လိုမှ ပျောက်မသွားခဲ့တာတွေ့ရတော့
ဘဝင်မြင့်သွားမိပါတယ်။

ကျနော် အခု ဒီကဗျာကို ထုတ်ဝေဖို့ဆုံးဖြတ်လိုက်ပါတယ်။
ဘာဖြစ်လို့လည်း။
အခုကျင်းပတဲ့ (မကဒတ) ရဲ့သတ္တမမြောက်ညီလာခံကို
ရင်ခုန်ရလို့ပါ။
ဒီညီလာခံကို ကျနော် တတ်နိုင်တဲ့နည်းနဲ့ ထည့်ဝင်ချင်တာပါ။
ထင်မြင်ချက်များစွာကြားထဲကမှ ဖြစ်ပေါ်လာတဲ့ ညီလာခံပါ။
ဒါဟာ ကျနော်တို့ရဲ့အောင်မြင်မှုပါ။
ရန်သူမုန်းသမျှ မကြည့်ချင်၊ မမြင်ချင်တဲ့ ဒေါင်းအလံဟာ
ပေဟာဒီ မိုးအောက်မြေပြင်မှာ ကြွားဝင့်နေဦးမှာပါ။
ဒေါင်းအလံကို နေတဆူ လတဆူလို သံယောဇဉ်ပိုမိတဲ့
ကျနော့်အနေနဲ့ ကာလတခုအတွင်း ခံစားခဲ့ရတဲ့
ရင်ခုန်သံတွေကို အရင်းအတိုင်းချပြလိုက်ပါပြီ။

ညိုထက် (လပ်းသစ်ဦး)

ကျနော်၏ "မချစ်မနှစ်သက်သူတို့နှင့် ကွေ့ကွင်းပြီးနောက်" ကဗျာစာအုပ် ဖြစ်မြောက်ရေးအတွက် မျက်နှာဖုံးပန်းချီနှင့် အတွင်းသရုပ်ဖော်ပုံများ ရေးဆွဲပေးသော 'ကိုမင်းကျော်ခိုင်' နှင့် စာအုပ်အလှ ပြင်ဆင်ပေးသော IPO Art Group တို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ညိုထက် (လမ်းသစ်ဦး)

ညိုထက် (လမ်းသစ်ဦး)

## မချစ်နှစ်သက်သူတို့နှင့်

# ကွေကွင်းပြီးနောက်

AAG

(၁)

(လူသည် နိုင်ငံရေးသတ္တဝါ ဖြစ်သည်။)

ဇာတိဆိုတာ
ဒုလ္လဘတရားအတွက်
ကျေးဇူးခံ ကျေးဇူးစား
ဒုက္ခသစ္စာနဲ့ ညားနေရတဲ့အမြှပ်။

လူ့ဘဝကို ဂုဏ်ယူတတ်ဖယ်တဲ့
နည်းနည်းချင်းတော့ အငွေ့ပျံနေရပါတယ်။

ဘဝဆိုတာ
ဇာတိမှ မရဏ
ခြေလှမ်းများရဲ့ အတိုင်းအဆ။


ဤခရီးနီးသလား
ကျပ် ဘယ်နှစ်မိုင် သွားရမှာလည်း
သက်တမ်းကုန်ဆုံးရက် သက်မှတ်ပေးမထားတဲ့ဘဝဆိုတာ
အာမခံချက်မရှိပါ
ထိုအပကား ...... ။

(ပွဲတော့အသက် ၁၄)
ခံစားသိ ကြောင်းကျိုးဆက်တရားရဲ့ မိုးရေစက်များ
အုပ်ဖွဲ့ပြိုကျ
လာချေပြီ။

အနက်ရောင်ကတ္တရာလမ်းမထက်မှာ
အရုပ်တွေ၊ အရိပ်တွေ၊ အရောင်တွေ
ဒေါင်းတင်မောင်းတင်၊ ထွေးရောယှက်တင်
လူတွေရဲ့ အသံလှိုင်းကြောင့်
မှန်တိုင်းကျတာ မြင်ဖူးသွားတယ်
၁၉၈၈။

နယူတန်ရဲ့ တတိယနိယာမတော့ မဖြစ်နိုင်ဘူး
အဝါပုပ်ရောင် ကျည်ဖူးတွေက
နီလွင်တဲ့ ပန်းဦးတွေကို
ဆွတ်ခူးသွားကြ။

ဆယ်ကျော်သက်အရွယ်
ကျောင်းသားတွေက
စစ်ဘီလူးတွေကို
အန်တုဘက်ပြိုင်
တိုက်ပွဲအလံကို လွှင့်တင်နေတာဖြစ်တယ်။



သုံ့ပန်းပေါ်လစီမရှိတဲ့
မလေးရီးယားတွေဆီမှာ
အရှင်မိသွားရှာတဲ့
ညီနောင်ရဲဘော်များရဲ့ သွေးတောင်းသံ
ရိုးမမှာ လျှံကျနေပေ့။

မခူးရက် မခြွေရက်
မြင့်မိုရ်တောင်က
ရင်နဲ့စိုက်ထားတဲ့ ပန်းကလေးတွေ
ကန္တာရထဲ
လွင့်ကျ ဝဲကြွေ။

ငရဲ ... ငရဲ ... ဒါ ငရဲတဲ့
အတိတ်နဲ့ ပစ္စုပ္ပန်
လောကစံချင်း အချိုးချမရတဲ့
လက်တွေ့က
ကျုပ်တို့ကို ယက်သဲ့ထိုးပါလေရော။



တချို့ ...

မြင်းကောင်းခွာလိပ် ပိရိသေသပ်

တချို့ ...

ကိုယ့်ကိုကိုယ် သေကြောင်းကြံ ရန်သူ့ထံ

တချို့ ...

အနောက်တိုင်းမှာ တောကစား

ကျားဖမ်းထားမယ်

တချို့ ...

ခေတ်မမီတဲ့ကစားပွဲ

လက်နက်ကိုင်တိုက်ပွဲကို စွန့်တယ်

တချို့ ...

အများမကြိုက် အားစိုက်မျှောလိုက်

တချို့ ...

ရိုးရိုးသာမန် သူ့ကိုယ်ပိုင်ရစ်သမ်တွေနဲ့

"သူ့မှာတမ်း"ကဗျာကို ရွတ်ဆိုသွားကြ

တချို့ ...

**အားကောင်းမောင်းသန်**

လက်ဆုပ်မဖြေစတမ်း

တိုက်ပွဲလမ်းမှာ။

*သမိုင်းကို မျက်ရည်ခံမထိုးကြေး စွန့်လွှတ်စတေးကြ။*

ဆင်ခြင်သိရဲ့လမ်းမမှာ
မနွေးမမြန် တွေးဆ
သိက္ခာကြီးလှတဲ့ ခွပ်ဒေါင်းအလံက
ရွှေဝါလျှမ်းတောက်
နီမောင်းစွေးကြွ
လွတ်လပ်ကြယ်စင်တွေရဲ့ အုပ်ဖွဲ့ဖြစ်တည်ရာ
ရဲရင့် ဂလက်ဆီဆိုတာပေါ့။

တောတွေထဲ
လူတွေရောက်သွားတဲ့အခါ
တောတွေက ယဉ်ပြီး
လူတွေက ရိုင်းသွားသတဲ့။

ဟုတ်ပ
ငါတို့ဟာ အရိုင်း
အောင်ဆန်း (သို့မဟုတ်) အရိုင်း
ငါတို့ရိုင်းတာ
လူယဉ်ကျေးတွေထက်
လှပတယ်။

(၄)

*“သွားသူ သွားကြ*
*လာသူ လာကြ*
*သူက*
*ရှေ့သို့ ... ရှေ့သို့ ...*
*စီးဆင်းလို့”*

မတိမ်ကောဘူး
သဘာဝက မွေးဖွားပေးတဲ့တရား
ပဋိပက္ခမှာ ကြားမရှိ။

*ကိုယ့်ကိုကိုယ်ကယ်တင်ရေးမှတပါး အခြားမရှိ။*
*ကိုယ့်ကိုကိုယ်ကယ်တင်ရေးမှတပါး အခြားမရှိ။*
*ကိုယ့်ကိုကိုယ်ကယ်တင်ရေးမှတပါး အခြားမရှိ။*

ရှေ့မှာ ...
ဟိုး ... ရှေ့မှာ
ထိုတောက်သည့်အရာကား
မီးလော။

အမြင်မကန်းစေချင်ဘူး
နားနဲ့ဆတ်ဆတ်ကြားခဲ့ရတဲ့ ဘာသာစကားတွေက
ဒီလို ...

'သူမနာ၊ ကိုယ်မသာ' တဲ့လား
လက်စားချေတုံ့ပြန်ရေးမှ မဟုတ်ဘဲ
ဖိုင်တွဲမနေနဲ့။

'အတိတ်ဘဝကလာတာ
စိုက်တဲ့အတိုင်းသီးတာ'
နိဗ္ဗိန္ဒတေး အရိုးများတယ်
အာဟာရဆိုတာ မျှမျှတတ စားတတ်ဖို့လိုတယ်။

'ကြီးကြီးကျယ်ကျယ် အပိုမတွေးနဲ့
ကိုယ့်ရှေ့ရေးကိုယ်လုပ်' တဲ့
ကုန်တင်ကုန်ချစကားလုံးတွေနဲ့
ထွေးလုံးဖို့ မကြိုးစားနဲ့
ကျုပ်စားချင်တာ ပရ
နည်းနည်းတော့ ခါးရတယ်။

အဖေ
တသက်လုံးကြွေးတင်ချင်တင်ပါစေ
ကျနော့်ဘဝကို အပေါင်ခံလိုက်တော့မယ်။
ဟော့ဒီ အဖေ့သားက
'အကုန်ရရင်ရ
မရရင်တခုမှ မလိုချင်တဲ့ကောင်ပါ အဖေ'



ယုံကြည်ချက်တွေ
တစက်မကျန် လက်ခံရရှိခဲ့တဲ့
ငါ့ပင်စည်မှာ
အခက်အလက်တွေ
ဖွေးဖွေးလှုပ်လို့။

မှားယွင်းခွင့်မပေးနိုင်ဘူး
စနစ်တကျ
မှားယွင်းခွင့်မပေးနိုင်ဘူး။

ဒီမှာ
ခင်ဗျားတို့ အဆစ်တောင်းနေတာ
ကျုပ်တို့ရဲ့ အပွင့်တွေဗျ။

ညီအကိုတို့
တခင်းလုံးပွင့်ကြစို့
ငါတို့အခင်းကို လူထုပဲ ရိတ်သိမ်းခွင့်ရှိတယ်

*"ကိုယ့်အခေါင်းကိုယ်ထမ်းပြီး ချီတက်ကြမယ်"*

## (၅)
## (လူထုဆီကလာ၊ လူထုဆီပြန်သွား၊ လေ့လာသင်ကြား)

အန်စာတုံးတတုံးစာလောက်မှ
ရွေးချယ်စရာ များများစားစားမရှိတဲ့ဘဝတွေပါ။
ကံဆိုးမိုးမှောင်ကျမှုတွေကို
အထူးပြုလုပ်ချက် နည်းပါးဝှာနဲ့
ချိတ်တွယ်ကုတ်ကပ်၊
ကိုယ့်ကိုကိုယ်
ဒဏ်သီးဆားရည်စိမ်သလိုမျိုး
နံစော်စုတ်ပြတ် အသက်ဆက်ကြရသူတွေ
ဗမာပြည်မှာ
အားကောင်းစိမ်းလန်းလို့
သူတို့အတွက်
ဖန်လုံအိမ်ဓာတ်ငွေ့ များလွန်းလှတယ်။

ကြည့် ...
ကလေးတွေညစ်ပတ်ပေရေ၊
သူတို့မှာ စာသင်ကျောင်းမရှိ
ထို့ကြောင့် အနာဂတ်မရှိ
ဒါ့အပြင် လုံခြုံမှုမရှိ။

ကစားချိန် နည်းနည်း
အလုပ်ချိန် များများ
ထင်းသယ်၊ ရေခပ်၊ ထမင်းချက်
ပေါင်းလိုက်၊ ပျိုးနှုတ်၊ ကျွဲကျောင်း
ထိုသို့ဖြင့် တောင်စွယ်နေကွယ်ချေပြီ။

တောဓါလုလင်ပျိုက
တောသူလုံမကညာကို
ချစ်ရေးဆိုနေတုန်း
စစ်အုပ်စုက ဝင်လာ
ရင်ခုန်သံတွေခါရမ်း
အကြောက်တရားနဲ့သာ
ရှက်သွေးဖျန်းရရှာတယ်။

အဲဒီလို
လက်ကုန်ဖွင့်ချလို့မရတဲ့ အချစ်တွေ
ရိုးမမှာ
အိုင်ထွန်းလို့။

ခေတ်မကောင်းတော့လည်း
အချစ်အကြောင်းကို ဘေးဖယ်
သေနတ်လွယ်သူလွယ်
တောင်ယာအလုပ်နဲ့ ဘဝပြုပ်သူပြုပ်။

ချစ်ခြင်းရဲ့အသည်းကို
ဒီစစ်ပွဲကြီးက
ရဲရဲကြီးမြည်းနေမှတော့
အဲဒီ ယစ်ကောင်လေးတွေရဲ့ အတွေးတွေဟာ
သားသတ်ရုံထဲကသွေးတွေနဲ့
ရေးချယ်ထားတဲ့ ပန်းချီကားအဖြစ်နဲ့သာ
တင့်တယ်နေရှာပေါ့။

အချစ်ရေ
နှလုံးသားတွေ ဖျစ်ဖျစ်မြည်ခဲ့
ပြည်တွင်းစစ်က အဓိပ္ပါယ်တွေကို နားလည်မှုလွဲခဲ့ပြီကွဲ့။

ဘဝကို
အလဲလဲ အကွဲကွဲပေးချေကြ
သဲသဲမဲမဲ ဆဲရေးကြ
ဆွေးဆွေးလေးလေး ဖြတ်သန်းကြ။

သုခိစိတ္တဆိုတာလည်း ပြတ်ပြတ်စဲစဲ
ကြမ္မာငင်ဝဲတွေကလည်း နက်နက်ကျဲကျဲ
အိပ်တန်းပြန်ငှက်တွေလောက်မှ
မရှင်ပြရဲကြသူတွေပါ။

အဲဒီလူတွေလေ
သူတို့ပေါ့။

မသိကိန်းတွေများလှတဲ့ ပုစ္ဆာကို
'လက်နက်ချပါပြီဗျာ' လို့ပြောနေရင်း
လုံ့စွပ်နဲ့
တသွင်သွင်အထိုးခံနေရတာ။

ပြည်တွင်းစစ်ယစ်ဆရာရဲ့
အလုပ်ကြမ်း မွေးမြူရေးစခန်းမှာ

ပိတ်လှောင်မွန်းကြပ်
အသက်ဆက်နေရတာ။

ပျက်ယွင်းနေတဲ့နာရီတွေပါပဲ၊
ကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုတရားရဲ့
ပြင်ပမှာ
တောင်ယာဟာ
သူတို့ဘဝပါ။

သူမကပြောတယ်
"အဖွားအသက် ၇၀
ဟိုး ... ငယ်ငယ်က
ဗမာပြည် လွတ်လပ်ရေးရပြီလို့ သဲ့သဲ့ကြားဖူးရဲ့
ဒါပေမယ့်
မီးတောင်တွေပဲ ကွဲကွဲနေတယ်
ချော်ရည်ပူတွေ တရဲရဲ
ပြာပူတွေကလည်း ပလဲလို့"
ဒီအတိဒုက္ခပြဇာတ်ကြီးထဲ
တရစပ်အသုံးတော်ခံနေရတဲ့အဖြစ်
သူမမှာ
ဘာအပြစ်ရှိလို့လည်း။

*"ရှက်လှင့်မယ်*
*ရှက်ကုန်လှင့်ကြမယ်။*
*သမုဒ္ဒရာရဲ့*
*အနားသတ်မျဉ်းတွေကိုရောက်တဲ့အထိ*
*ငါတို့ ရှက်ကုန်လှင့်ကြမယ်"*

## (၆)
## ပါဏာတိပါတကံတွေကို လက်ညှိုးနဲ့ကုတ်ညှစ် ထုတ်လိုက်တယ်

ရှေ့ကြည့်
သတိ၊ သက်သာ၊
ရန်စည်း – ငါစည်း၊
စိတ်ကူးငွေ့များ
တလိပ်လိပ် တိမ်တောက်ချေပြီ။
ပြုတ်ရွေ့ကြောင်းများ
အပြင်းအသော့ သွားတွားခဲ့။

ငါ၏တာဝန်ကား
ရန်သူ့နှလုံးသားကို
တည့်တည့်မှန်အောင် ပစ်ရန်ပင်ဖြစ်သည်။

ပစ် ...
လက်ညှိုးကွေးတတ်ဖို့ ဆယ်နှစ်မလိုဘူး။
အချစ် ...
ချစ်ခြင်းမေတ္တာသွေးမစီးတဲ့
သက်ရှိအစုအဝေးဟာ
တိရစ္ဆာန်။

အချစ်ရေ
နှလုံးသားတွေ ဖျစ်ဖျစ်မြည်ခဲ့
ပြည်တွင်းစစ်က အဓိပ္ပါယ်တွေကို နားလည်မှုလွဲခဲ့ပြီကွဲ့။


ဘဝကို
အလဲလဲ အကွဲကွဲပေးချေကြ
သဲသဲမဲမဲ ဆဲရေးကြ
ဆွေးဆွေးလေးလေး ဖြတ်သန်းကြ။

သုခိစိတ္တဆိုတာလည်း ပြတ်ပြတ်စဲစဲ
ကြမ္မာငင်ဝဲတွေကလည်း နက်နက်ကျဲကျဲ
အိပ်တန်းပြန်ငှက်တွေလောကမှ
မရှင်ပြရဲကြသူတွေပါ။

အဲဒီလူတွေလေ
သူတို့ပေါ့။

မသိကိန်းတွေများလှတဲ့ ပုစ္ဆာကို
'လက်နက်ချပါပြီဗျာ' လို့ပြောနေရင်း
လှံစွပ်နဲ့
တသွင်သွင်အထိုးခံနေရတာ။

ပြည်တွင်းစစ်ယစ်ဆရာရဲ့
အလုပ်ကြမ်း မွေးမြူရေးစခန်းမှာ



ဟော့ဟိုမှာ
ဂျီသရီးအစွယ်ဖွေးဖွေးနဲ့
စစ်ဝါဒအစွန့်ရှည်ရေး
အသက်ပေးကာကွယ်နေတဲ့
အလဇ္ဇီစစ်သည်တွေ
မင်းတို့ကို အကြွေးပေးမယ်ဟေ့ ...

ဗျို့ ... ကိုတင်မောင်ဦး၊ ညီမလေး ဝင်းမော်ဦး
အာဇာနည်အဆောင်အယောင်းတို့
ကျည်စက်ချ၍ အမျှဝေပါတယ်
ကြားရာအရပ်က သာဓုခေါ်ကြလော့။

ဤမြေပံ့သု သေလာထုလည်း
သက်သေအမှု၌ တည်စေသော်ဝ်

*'ကျည်တတောင့် ရန်သူတယောက်*
*လက်နက်ချရင် မသတ်ဘူးဟေ့'*

(၇)

... ကမ္ဘာမကြေဘူး
ငါတို့သွေးနဲ့ရေးခဲ့ရတဲ့မော်ကွန်းတွေ ...
... ဩော် ... သူရဲကောင်းတို့ရေ ...

**သမားရိုးကျကိစ္စပါပဲ**
**ဘာမဆို အလကားမရဘူး**
**ပင့်ကူဖိုတွေက နောက်မျိုးဆက်အတွက်**
**အသက်ပေးသလိုမျိုး။**

'ကဗျာဆရာဆိုတာ
တကိုယ်စာကိုတာလေးကိုတောင်မှ
အပြည့်အဝ မယူရက်သူတွေပါ' တဲ့
ဆရာကောက်ခင်ဗျာ
သူပုန်ဆိုသူတွေကတော့
တကိုယ်စာကိုတာလေးကိုတောင်မှ
ပေးဆပ်နေကြသူတွေပေ့ါ။

ဒီလိုပါ
ရင်ဆိုင်နေရတဲ့ ရန်သူဆိုတာ
ကိုက်ရင်သေအောင်ကိုက်တတ်ကြသူတွေ။


အဲဒီလိုနဲ့
**တော်လှန်ရေးရဲ့အတွင်းသားမှာ**
**သွေးရောင်လျှမ်းထ နီမြနေခဲ့တယ်။**

အဲဒီအခါ
သွေးအနီတွေဟာ
တော်လှန်ရေးကို ကြီးထွားစေပြီး
အနာဂတ်ကို အသီးပွားစေလိမ့်မယ်။

'အောင်ကျော်ရေ
မင်းသေလို့ဝမ်းနည်းတာထက်
မင်းလိုသားမျိုး
နောက်ထပ်မမွေးနိုင်တော့တာကို
ဝမ်းနည်းတယ်ဟဲ့'
တိုက်ပွဲထဲကခွန်အား
မျှဝေခံစားကြရအောင်။

အဲဒီလို
တဖြုတ်ဖြုတ်ကြွေ၊ အဆုပ်လိုက်ပွင့်
ရာဇဝင်တခုလုံး သွေးတို့ဖုံးချေပြီ။

မြို့ပြလမ်းမ
တိုက်ရင်းကျခဲ့
ယူကျုံးမရ။



သမိုင်းဒီရေ တရစပ်စီး
မြို့ပြရဲ့ပြင်ပ
ရိုးမစိမ်းမှောင် တောခေါင်ခေါင်မှာ
ခေတ်တခေတ်ကို
သွေးနဲ့သစ်ဖို့
ချီတက်သက်ဆက်။

*"စစ်မြေပြင်လား*
*ယဇ်ပလ္လင်လားဟေ့"*

ဘယ်လို ကြွေကြွေ လေပြည်မမျှော်
ရွှေပြည်တော်ကြီးကို
သွေးနဲ့ချစ်ကြ
ရိုးမကြီးလည်း လွမ်းနာကျရပေါ့။

သေချာပါတယ်
လက်ဆုပ်မဖြေစတမ်း
ခရီးလမ်းကြမ်း နှစ်ရှည်ချီတက်ပွဲ
အလံမလှဲ။

သစ္စာပါရမီ
အဓိဋ္ဌာန်ပါရမီ ခိုင်ကြည်ကြသူတွေ
သူရဲကောင်းဆိုတာမသေ။

သူပုန်တယောက်ကျဆုံးတိုင်း
ကြယ်တလုံးပွင့်တယ်။

ကြည့်လိုက်ကြဟော့
ကောင်းကင်တခွင်
ကြယ်စင်လွင်လွင်တွေ
ငါတို့ကို ငုံ့ကြည့်နေကြ။

ဧရာဝတီရဲ့
ရေလှိုင်းကြက်ခွပ်တွေပေါ်မှာ
ကြယ်၏အရောင်တို့
လင်းလက်တောက်ပ ကခုန်နေကြချေပြီ။

လမိုက်ညရဲ့
ကြယ်ခင်းကောင်းကင်ကိုကြည့်ရင်း ကြက်သီးထခဲ့
တိုင်တည်သစ္စာ ပွင့်အန်ထွက်ခဲ့
“ငါမငိုဘူး သင်တို့ဝိညာဉ်ပူးကြပါလော့”

ညိုထက် (လမ်းသစ်ဦး)